# ပြည်သူ့စစ်သားနှင့် ပြည်သူ့ရဲများ CNDF ထံသို့ အလင်းဝင်

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်

ချင်းပြည်နယ်၊ ဖလမ်းမြို့ ခလရ (၂၆၈) တပ်ရင်းမှ တပ်သားတစ်ဦး၊ သီးဘွာလ် တပ်စခန်းမှ စစ်တပ် တပ်ကြပ်ကြီးတစ်ဦးနှင့် ရဲတပ်ကြပ်ကြီးတစ်ဦးတို့သည် လက်နက်အပြည့်စုံဖြင့် ချင်းအမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ (CNDF) ထံသို့ CDM ပြုလုပ်ကာ အလင်းဝင်လာကြပါသည်။ မိမိတို့ CNO/CNDF မှ ဆုငွေများချီးမြှင့်၍ လုံခြုံသည့်နေရာသို့ ပို့ပေးခဲ့ပါသည်။

စက်တင်ဘာလအတွင်း ပြည်သူ့ရဲ (၈)ဦးနှင့် ပြည်သူ့စစ်သား (၂)ဦး၊ စုစုပေါင်း (၁၀) ဦး CNDF ထံသို့ အလင်းဝင်လာကြပါသည်။ တော်လှန်ရေးအောင်မြင်ရန်အတွက် ပြည်သူ့စစ်သားနှင့် ပြည်သူ့ရဲများမှ မိမိနီးစပ်ရာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များထံသို့ အလင်းဝင်ခြင်းဖြင့် ပြည်သူနှင့်အတူတကွ ရပ်တည်ရန် CNO/CNDF မှ အလေးအနက် ထပ်မံတိုက်တွန်းလိုက်ပါသည်။

သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန

ချင်းအမျိုးသားအဖွဲ့ချုပ်